ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
အကောက်ခွန်ဦးစီးဌာန

# အကောက်ခွန်သတင်းလွှာ

အတွဲ ၈ ၊ အမှတ် ၅ ၂၀၂၂ ခုနှစ် ၊ စက်တင်ဘာလ ၁ ရက်

## အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများရှိ ဖမ်းဆီးရမိသော မော်တော်ယာဉ်များအား အမိုးအကာအောက်တွင် ထားရှိနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပခြင်း



အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများရှိ ဖမ်းဆီးရမိသော မော်တော်ယာဉ်များအား အမိုးအကာအောက်တွင်ထားရှိနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို (၁၀-၈-၂၀၂၂) ရက်နေ့၊ နေ့လည် (၁၃:၀၀) နာရီအချိန်တွင် အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်)၊ ဇေယျာသီဟခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးအား အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ ဦးဆောင်၍ ဆိပ်ကမ်းများမှ တာဝန်ရှိသူများနှင့် အကောက်ခွန်ဦးစီးဌာနမှ တာဝန်ရှိအရာထမ်းများအားလုံး တက်ရောက်ဆွေးနွေးခဲ့ကြပါသည်။

အစည်းအဝေးရည်ရွယ်ချက်မှာ ဆိပ်ကမ်းများတွင် တားဆီးထိန်းသိမ်းထားရှိသော ကာလကြာရှည်ထိန်းသိမ်းထားရှိသည့် မော်တော်ယာဉ်/ ယန္တရားများအား အမိုးအကာအောက်တွင် ထားရှိရေးနှင့် ပျက်စီးဆုံးရှုံးမှုမရှိစေရေးအတွက် မည်ကဲ့သို့ ထိန်းသိမ်းမည်ကို လုပ်ငန်းအစီအမံများရေးဆွဲပြီး အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ကျင်းပပြုလုပ်ခဲ့ပြီး အစည်းအဝေးအား နေ့လည် (၁၄:၀၀) အချိန်တွင် ရုတ်သိမ်းခဲ့ပါသည်။

# ဒုတိယအကောက်ခွန်မှူး

# သင်တန်းအမှတ်စဉ် (၃/၂၀၂၂) သင်တန်းဆင်းပွဲအခမ်းအနား




စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၊ လေ့ကျင့်ရေးဌာနစု၊ အကောက်ခွန်သင်တန်းကျောင်း၏ (၁၉-၈-၂၀၂၂) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် ဒုတိယအကောက်ခွန်မှူး သင်တန်းအမှတ်စဉ် (၃/၂၀၂၂) သင်တန်းဆင်းပွဲအား စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၊ ညွှန်ကြားရေးမှူး ဒေါ်သီသီတင်မှ ဦးဆောင်၍ ကျင်းပပြုလုပ်ခဲ့ပြီး သင်တန်းသားဦးရေ (၅၀) ဦး တက်ရောက်ခဲ့ပါသည်။

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့်ပတ်သက်၍ ရှင်းလင်းခြင်း အခမ်းအနား







အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့်ပတ်သက်၍ ရှင်းလင်းခြင်း အခမ်းအနားကို (၂၀-၈-၂၀၂၂) ရက်နေ့၊ နံနက် (၀၉:၀၀) နာရီအချိန်တွင် အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်)၊ ဇေယျာသီဟာခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးအား ကာကွယ်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးနေလင်းအောင် နှင့် ထုတ်ကုန်သွင်းကုန်ကြီးကြပ်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးကျော်နိုင် တို့မှ ဦးဆောင်၍ ကာကွယ်ရေးဌာနခွဲ နှင့် ထုတ်ကုန်သွင်းကုန်ကြီးကြပ်ရေးဌာနခွဲမှ တာဝန်ရှိအရာထမ်း (၁၅၀) ဦးခန့် တက်ရောက်ခဲ့ကြပြီး အခမ်းအနားအား နံနက် (၁၁:၀၀) အချိန်တွင် ရုတ်သိမ်းခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၂၂ ခုနှစ် ၊ ဩဂုတ်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၆၃၁၈.၉၇၈) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ၊ ဆိပ်ကမ်း ၊ အထူးကင်း ၊ ရန်ကုန်စာတိုက် နှင့် အကောက်ခွန်နယ်မြေဒေသအသီးသီးတို့တွင် တင်သွင်း/တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရှာဖွေတားဆီးအရေးယူမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ်လ (၁) ရက်နေ့ မှ (၃၁) ရက်နေ့ အထိ စုစုပေါင်း တားဆီး/ဖမ်းဆီးမှုမှာ (၃၀၃) မှု ဖြစ်ပြီး ခန့်မှန်းတန်ဖိုးမှာကျပ် (၆၃၁၈.၉၇၈) သန်းဖြစ်ပါသည်။

## ရန်ကုန် တားဆီး/ ဖမ်းဆီးမှု




(၂၅-၈-၂၀၂၂) ရက်နေ့တွင် မြန်မာစက်မှုဆိပ်ကမ်း၌ တင်သွင်းလာသော Medicine အမျိုးအစား (၉) မျိုးအား အဖွဲ့စုံဖြင့် ရက်(၆၀) ကျော် လေလံ(ကြိုစစ်) စစ်ဆေးခဲ့ရာ ဆေးဝါးများမှာ DRC အရ မှန်ကန်သော်လည်း သွင်းကုန်လိုင်စင်လိုအပ်သော ပစ္စည်းဖြစ်ပြီး သွင်းကုန်လိုင်စင်တင်ပြနိုင်ခြင်း မရှိသည့်အတွက် Item (1) – (Medicine A-Flox Powder Syrup – Flucloxacillin) (125 mg/ 5ml) (2200 U) ၊ Item (2)– (Azin Powder for Oral Suspension– Azithromycin) (200mg/5ml) (1050 U), etc., Total Items (၉) မျိုး၊ (C/O– Bangladesh)၊ စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၈,၅၈၀,၆၀၀/–) အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၂၂ ခုနှစ် ၊ ဩဂုတ်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၆၃၁၈.၉၇၈) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## ရန်ကုန် တားဆီး/ ဖမ်းဆီးမှု





(၅-၈-၂၀၂၂) ရက်နေ့တွင် ထီးတန်း ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ တင်သွင်းလာသော ကုန်သေတ္တာ (3X40') အား ပူးပေါင်းအဖွဲ့စုံဖြင့် မျက်မြင်ဖွင့်ဖောက်စစ်ဆေးခဲ့ရာ ID တွင် ကြေညာထားသော ပစ္စည်းအရေအတွက်ထက်ပိုမိုပါရှိလာသည့် (Line Drawing Machine)(Brand: XIANGCHENG)(3 Units) ၊ (Hammer Machine) (Brand: XNYI) (4 Units) ၊ (Punching Machine) (Brand : XINYI) (12 Units) ၊ (Angle Cutting Machine) (Brand: XINYI) (4 Units) ၊ (Walled Shoe Attaching Machine) (Brand: XIANGCHENG) (7 Units) ၊ (Steaming Machine) (Brand: XIANGCHENG) (1 U) ၊ (Heat Forming Machine) (Brand: XIANCHENG) (13 U) ၊ (Forming Machine) (Brand: XINYI) (3 Units)၊ စုစုပေါင်း (47) Units နှင့် သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသော (Multifunctional Vamp Laminating Machine) (Brand: XIANGCHENG) (2 Units) ၊ (Wiper Type Double Action Heel-Lasting Machine) (Brand YIHHUNG) (2 Units) ၊ (Melt Cutting Machine) (Brand: XINYI) (1 Unit)၊ စုစုပေါင်း (5 Units)၊ ခန့်မှန်းတန်ဖိုးကျပ်(၂၉၈,၁၃၀,၀၀၀/-) အား အမှုတွဲ ဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၂၂ ခုနှစ် ၊ ဩဂုတ်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၆၃၁၈.၉၇၈) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## နယ်မြေများတွင် တားဆီး/ဖမ်းဆီးခြင်း



(၁-၈-၂၀၂၂) ရက်နေ့ (၁၈:၀၀) နာရီအချိန်ခန့်တွင် Myanmar Airways International (MAI) ခရီးစဉ်အမှတ် 8M-337, CR-0055 ဖြင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထိုင်းနိုင်ငံ၊ ဘန်ကောက်သို့ထွက်ခွာမည့် ခရီးသည် HE RONGXIN (PP#E51772772) ၏ Baggage အား ပြည်ပ (ထွက်ခွာ)ဂိတ်၌ X-Rays ဖြတ်သန်း စစ်ဆေးရာ PD Form တွင် ကြေညာထားခြင်းမရှိသော တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် (Drone, Brand-Dji) (Mdl-MAVIC2 Zoom) (C/O-China) (1)Set ခန့်မှန်းတန်ဖိုးကျပ်(၁,၈၇၀,၀၀၀/-) ခန့်အား အမှုတွဲ ဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၂၂ ခုနှစ် ၊ ဩဂုတ်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၆၃၁၈.၉၇၈) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## နယ်မြေများတွင် တားဆီး/ဖမ်းဆီးခြင်း





(၂၆-၈-၂၀၂၂) ရက်နေ့တွင် (၁၆) မိုင် ကျောက်ချော စစ်ဆေးရေးစခန်း၌ စခန်းတာဝန်ကျ ကွပ်ကဲရေးမှူး ကြီးကြပ်ဦးစီးမှုဖြင့် မန္တလေးမှ လားရှိုးသို့ မောင်းနှင်လာသော ယာဉ်အား တားဆီး စစ်ဆေးခဲ့ရာ ယာဉ်ပေါ်၌ ဆန်အိတ်များဖြင့် ဖုံးအုပ်သယ်ဆောင်လာသော အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အဖြူရောင်အမှုန့်အိတ်များအား တွေ့ရှိရသဖြင့် အသေးစိတ် စစ်ဆေးနိုင်ရန် မန္တလေးမြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးသို့ ပို့ဆောင်ခဲ့ပြီး (၂၇-၈-၂၀၂၂) ရက်နေ့ တွင် စစ်ဆေးရေးအဖွဲ့ နှင့် မန္တလေးမူးယစ်အထူးတပ်ဖွဲ့ (၁၈)မှ တာဝန်ကျအဖွဲ့တို့က အဆိုပါ ယာဉ်ပေါ်ပါ အဖြူရောင်အမှုန့်များအား RIGAKU စက်ဖြင့် စစ်ဆေးရာ ထိန်းချုပ်ဓါတုစာရင်းဝင် (ACETIC ACID SODIUM SALT) ဟုယူဆရသော အဖြူရောင်အမှုန့် (1x25kg) = (1 Bag) (800 Bags) ခန့်မှန်းတန်ဖိုးကျပ် (၃၄၀,၀၀၀,၀၀၀/-) ခန့်အားလည်းကောင်း၊ အခင်းဖြစ်ပစ္စည်းတင်ဆောင်လာသော ယာဉ်အမှတ် (6N-9812) (DONG FENG TRACTOR HEAD) (6X4) (L) (22W) ခန့်မှန်းတန်ဖိုးကျပ် (၃၇,၀၀၀,၀၀၀/-) ခန့်အား လည်းကောင်း၊ ဒေသသုံးဆန်(1Bag=45Kg)(70 Bags) ခန့်မှန်းတန်ဖိုးကျပ် (၂,၁၀၀,၀၀၀/-) (ကျပ်နှစ်ဆယ့်တစ်သိန်း တိတိ) ခန့်တို့အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၂၂ ခုနှစ် ၊ ဩဂုတ်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၆၃၁၈.၉၇၈) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## ထူးခြားဖမ်းဆီးမှု



(၄-၈-၂၀၂၂) ရက်နေ့တွင် မြဝတီမြို့မှ ရန်ကုန်မြို့သို့သွားရောက်မည့် ယာဉ်အား ကော့ကရိတ် (တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် ID ၌ ကြေငြာထားခြင်း မရှိသည့် ကားတာယာ (R408 LT265/75R16 119/116Q) (Brand–DEESTONE) (C/O–TH) (25U) ခန့်မှန်းတန်ဖိုးကျပ် (၂,၅၀၀,၀၀၀/–) ခန့်အား အမှုတွဲဖွင့်လှစ် အရေးယူခဲ့သောအမှု ဖြစ်ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၂၂ ခုနှစ် ၊ ဩဂုတ်လအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၆၃၁၈.၉၇၈) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

**ထူးခြားဖမ်းဆီးမှု**





( ၁၆ -၈ -၂၀၂၂ ) ရက်နေ့တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှတာဝန်ကျ အကောက်ခွန်ဝန်ထမ်းများနှင့် ပူးပေါင်းအဖွဲ့ သည် လားရှိုးမှ မူဆယ်သို့ မောင်းနှင်လာသော ယာဉ်အား စစ်ဆေးစဉ် အစစ်ဆေးမခံဘဲ သိန္နီမြို့ဘက်သို့ ဆက်လက်မောင်းနှင်ထွက်ပြေးသွားသဖြင့် လိုက်လံဖမ်းဆီးခဲ့ရာ သိန္နီမြို့နယ်၊ ပိန်းဆာကျေးရွာအနီးတွင် ယာဉ်အားရပ်တန့်ထားသည်ကို တွေ့ရှိရသဖြင့် ၎င်းယာဉ်အား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းသို့ ယူဆောင်လာခဲ့ပြီး ပူးပေါင်းအဖွဲ့ဖြင့် စစ်ဆေးခဲ့ရာ Candy မန်ကျည်းချိုချဉ် စက္ကူဂျပ်ဖာပုံးခွံများအတွင်း ဖုံးအုပ်သယ်ဆောင်လာသည့် ကျောက်စိမ်းဟုယူဆရသော လက်ကောက်ကွင်းဆိုဒ်စုံ( ၂၆၀၀ ကွင်း) ၊ လက်ကောက်ပုတီး (၁၁၇ ကွင်း) ၊ ကျောက်စိမ်းပုတီးလည်ဆွဲ ( ၄၅ ကုံး) ၊ ကျောက်လည်ဆွဲ ( ၁၀ကုံး) ၊ ကျောက်နားကပ်( ၆ စုံ )၊ ကျောက်ဟန်းချိန်း( ၅ ခု )၊ လက်စွပ်အကြီး( ၁၁ ကွင်း )၊ လက်စွပ်အသေး( ၉ ကွင်း )၊ ကျောက်ပန်းပု ဆိုဒ်စုံ /သွေးထားသောကျောက် ( 28 Kg) ၊ ကျောက်တုံးဆိုဒ်စုံ( 6 Kg)၊ ခန့်မှန်းတန်ဖိုးကျပ် ( ၃၄,၅၅၀,၀၀၀ )-/ခန့်အား လည်းကောင်း ၊ အခင်းဖြစ်ပစ္စည်းတင်ဆောင်လာသော ယာဉ်အမှတ် (MDY 8I–3995) (Toyota Hiace)၊ ခန့်မှန်းတန်ဖိုးကျပ် (၉,၀၀၀,၀၀၀)-/ခန့်အား လည်းကောင်း အမှုတွဲ ဖွင့်လှစ်၍ တားဆီးခဲ့သော အမှုဖြစ်ပါသည်။